## ပါမောက္ခဒေါက်တာသန်းဝင်း၏ အမှာစာ

**Wings of Fire** စာအုပ်သည် အိန္ဒိယသမ္မတကြီး ပါမောက္ခ ဒေါက်တာအဗ္ဗဒူကလမ် (၁၅–အောက်တိုဘာ– ၁၉၃၁–၂၇ ဇူလိုင် ၂၀၁၅) ၏ ကိုယ်ရေးအတ္ထုပ္ပတ္တိဖြစ်သည်။ ဆရာဟိန်းလတ်က မီးလျှံတောင်ပံအိန္ဒိယဒုံးပျံလူသားနှင့် ပြည်သူ့သမ္မတအဗ္ဗဒူကလမ် ဟု အမည်ပေးကာ ဘာသာပြန်သည်။ ဘာသာပြန်စာမူကို ကြိုတင်ဖတ်ရှုကာ အမှာစာရေးခွင့်ရပါသည်။ ဝမ်းသာဂုဏ်ယူမိပါသည်။

အိန္ဒိယသမ္မတကြီး အဗ္ဗဒူကလမ်သည် မြန်မာစာဖတ်ပရိသတ်တို့နှင့် ရင်းနှီးပြီးဖြစ်သည်။ အဗ္ဗဒူကလမ်သည် အိန္ဒိယနိုင်ငံ၏ ၁၁ဆက်မြောက်သမ္မတဖြစ်သည်။ ၂၀၀၂ ခုနှစ် မှ ၂၀၀၇ ခုနှစ်အထိ တာဝန်ထမ်းသည်။တမိလ်လူမျိုး အစ္စလာမ်ဘာသာဝင်ဖြစ်သည်။သိပ္ပံပညာရှင်ဖြစ်သည်။ ဒုံးပျံပညာရှင်ဖြစ်သည်။ လူပျိုကြီးဖြစ်သည်။ ၂၀၀၆ ခုနှစ်က မြန်မာနိုင်ငံသို့ ရောက်ခဲ့ဖူးသည်။ စာလည်းရေးသည်။ ၁၉၉၈ မှ ကွယ်လွန်ချိန် ၂၀၁၅ အထိ စာအုပ် ၂၅ အုပ်ရေးသည်။ ဤစာအုပ်ကို ၁၉၉၉ခုနှစ်က ရေးသည်။သူ၏ ဒုတိယမြောက်လုံးချင်းစာအုပ်ဖြစ်သည်။ တတိယ မြောက်ရေးသည့် Ignited Mind (၂၀၀၂) ကို ဆရာဘိုးလှိုင်က ဦးနှောက်များကို မီးညှိခြင်း ဟူ၍ဘာသာပြန်သည်။(၂၀၀၄ ခုနှစ်တွင် အမျိုးသားစာပေ (ဘာသာပြန်) ဆုရသည်။) ဤစာအုပ်ကို အကြောင်းပြု၍ အသိများကြသည်။

၂၀၀၇ ခုနှစ် သမ္မတတာဝန်ပြီးဆုံးသည့်အခါသမ္မတအိမ်တော်မှ အဝတ်သေတ္တာ၊ စာအုပ်သေတ္တာ၊ သေတ္တာ နှစ်လုံးနှင့် ဆင်းသွားပုံမှာ အံ့ဖွယ်ထူးကဲမှုအဖြစ် ချီးကျူးပြောဆိုကြသည်။ ထိုအဖြစ်ကို အပြောများကြသည်။

သူသည် ငယ်စဉ်က ဆင်းရဲခဲ့သည်။ ပညာသင်ဖို့ စရိတ်ပင် မတတ်နိုင်။ လေကြောင်း အာကာသပညာကို စိတ်ဝင်စားသည်။ ကျောင်းသားဘဝက တမိလ် စာစီစာကုံးပြိုင်ပွဲတွင် ပထမဆုရသည်။ စာစီစာကုံးခေါင်းစဉ်က 'ကိုယ်တိုင် လေယာဉ်လုပ်ကြစို့' ဖြစ်သည်။ နောင်အခါ ဒုံးပျံတီထွင်ဖန်တီးနိုင်မည့်သူအဖြစ် ကြိုတင်နိမိတ်ပြခြင်းဖြစ်သည်။ ဤ စာအုပ်တွင် ငယ်စဉ်ဘဝမှစ၍ အထက်တန်းနှင့် တက္ကသိုလ်တွင် ပညာသင်ကြားခဲ့ပုံ၊ ဒုံးပျံပညာရှင်ဘဝဖြစ်သည်အထိ ကြိုးစားပုံတို့ကို ရေးထားသည်။

ဤစာအုပ်ကို ဖတ်ရသည့်အခါ ဘဝတွင် အောင်မြင်ထူးချွန်သူတစ်ယောက်ဖြစ်လာရန် ဆရာကောင်း၊ ပတ်ဝန်းကျင်ကောင်း၊မိတ်ဆွေကောင်းများ လိုအပ်ပုံကို သတိပြုမိသည်။ အဗ္ဗဒူကလမ်၏ ဘဝတွင် ဆရာကောင်း၊ မိတ်ဆွေကောင်းများ ကြုံခဲ့သည်။ ကိုယ်တိုင်လည်း ဖွဲ့စိတ်သန်သန် ကြိုးစားသည်။ အရှုံးများစွာနှင့်ကြုံရသည့်တိုင် ရင်ဆိုင်ကျော်လွှားကာ အောင်မြင်အောင် ရုန်းကန်ကြိုးစားပုံမှာ နမူနာယူထိုက်သည်။ သူသည် ဘာသာတရားကိုင်းရှိုင်းသည်။ ပညာဉာဏ်ကြီးသည်။ အလုပ်ကို အထူးအာရုံစိုက်သည်။ စေ့စပ်သေချာသည်။ ပညာသင်အဖြစ် နောက်လိုက်ဘဝတွင် နောက်လိုက်ကောင်းပီသသည်။ ပညာရှင်ခေါင်းဆောင်အဖြစ် တာဝန်ယူသည့်အခါတွင်လည်း ခေါင်းဆောင်ကောင်းပီသသည်။ နိုင်ငံခေတ်မီဖွံ့ဖြိုးတိုးတက်ရေးအတွက် ခေတ်မီနည်းပညာ အောက်ကျနောက်ကျမဖြစ်ရအောင် မနေမနား ကြိုးစားဖြည့်ဆည်းပေးပုံမှာ ချီးကျူးလေးစားဖွယ်ဖြစ်သည်။ တိုင်းပြည်ဖွံ့ဖြိုးရေးအတွက် ဘုံဦးတည်ချက်ဖြင့် လူမျိုးဘာသာ မခွဲခြားဘဲ ပညာရှင်များစုပေါင်းဆောင်ရွက်ကြပုံမှာလည်း စံပြုအတုယူစရာကောင်းပါသည်။

အတ္ထုပ္ပတ္တိဟူသည် လူ့သဘာဝကို အဓိကထားသော ဘဝအတွေ့အကြုံကို မှတ်တမ်းတင်သော စာမျိုးဖြစ်သည်။ ဆရာတိုက်စိုး (၁၉၂၀–၂၀၀၃)က အတ္ထုပ္ပတ္တိမည်သည် ပုဂ္ဂိုလ်တစ်စုံတစ်ယောက်အကြောင်းဖြစ်ခြင်း၊ ထိုအရေးအသားသည် ရသစာပေဝင်ဖြစ်ခြင်းနှင့် ပြည့်စုံရမည် ဟု ဆိုပါသည်။ ဤအတ္ထုပ္ပတ္တိတွင် အချက်အလက်သက်သက်ရေးခြင်းမျိုး မဟုတ်ဘဲ ရသခံစားချက်ဖြင့် ရေးပုံကိုတွေ့ရသည်။ ဝတ္ထုဟန် အတ္ထုပ္ပတ္တိဟု ဆိုရပါမည်။ သာဓကအားဖြင့် အိန္ဒိယနိုင်ငံမြောက်ပိုင်း မြင်ကွင်းများ (စာ–၂၅)၊ သူ့မိတ်ဆွေငယ်ပေါင်းဂျလာလူဒင်ကွယ်လွန်စဉ် ခံစားမှု (စာ–၆၄)၊ ဖခင်ကွယ်လွန်သည့်အခါ ခံစားမှု (စာ–၆၆)၊ ပဒ္ဒမာဗီဘူရှန်ဆုရစဉ်က ခံစားမှု (စာ–၈၂)တို့တွင် ကြည့်ပါလေ။ အတ္ထုပ္ပတ္တိပီသသော စာအုပ် ဖြစ်ပါသည်။

ကိုယ်ရေးအတ္ထုပ္ပတ္တိ ဟု ဆိုသောကြောင့် ကိုယ့်ငါးချဉ်ကိုယ်ချဉ် ကိုယ်ရည်သွေး အမွှမ်းတင်ရေးခြင်းမျိုးမပါ။ သူကျင်လည်ခဲ့သောဘဝ၊ သူဖြတ်သန်းခဲ့သော အဖြစ်အပျက်၊ သူရင်ဆိုင်ခဲ့သော အရေးကိစ္စ၊ သူဖြေရှင်းခဲ့ရသည့် စိန်ခေါ်မှု အခက်အခဲ၊ သူခံစားခဲ့ရသည့်ခံစားမှု၊ သူတွေ့ခဲ့ကြုံခဲ့သော ကိုယ်အတွေ့အကြုံ၊ စိတ်အတွေ့အကြုံ၊ သူ့စိတ်သဘာဝနှင့် သူနှင့်ဆက်ဆံရသူတို့၏ စိတ်သဘာဝ အကောင်း၊ အဆိုးကို အရှိအဖြစ်အတိုင်းရေးသည်။ သူ့အတွေ့အကြုံကို ဆင်ခြင်သိ ခံစားသိ တို့ဖြင့် ရေးပြထားပုံမှာ စိတ်ဝင်စားဖွယ်ဖြစ်ပါသည်။ အခန်း၁၆ ခေါင်းဆောင်များအခန်းတွင် ဘဝ အကြောင်းအနှစ်ချုပ်တင်ပြထားပုံမှာ နှစ်သက်ဖွယ်ဖြစ်သည်။

ဆရာကြီးသိပ္ပံမောင်ဝ (၁၈၉၈–၁၉၄၂) က အတ္ထုပ္ပတ္တိစာမျိုးကို ဖတ်ခြင်း၊ လေ့လာခြင်း၌ ဖတ်သူတို့စိတ်တွင် သူတကာထက်ထူးချွန်၊ သူတကာထက်တတ်သိလိမ္မာ၊ သူတကာထက်ထွန်းကားလိုသော ဆန္ဒများပေါ်ပေါက်လာအောင် ထိုးဆွပေးနိုင်သော သတ္တိထူးရှိသည် ဟု ဆိုခဲ့ပါသည်။ အတ္ထုပ္ပတ္တိစာပေသည် စိတ်ကိုလှုံ့ဆော်နိုင်သော စွမ်းအားရှိပါသည်။

ဤစာအုပ်ကို တရုတ်၊ ပြင်သစ်၊ တမိလ်၊ မလေး၊ ဂူဂျရာတီ အပါအဝင် ဘာသာစကား ၁၃ မျိုးဖြင့် ဘာသာပြန် ပြီး ဖြစ်ပါသည်။ ယခုအခါ မြန်မာဘာသာပြန် ပေါ်ထွက်လာသောကြောင့် မြန်မာစာဖတ်ပရိသတ်အတွက် ဝမ်းသာစရာကောင်းပါသည်။

ပညာရှင် ပါမောက္ခ စာရေးဆရာ သမ္မတကြီး ဒေါက်တာအဗ္ဗဒူကလမ်သည် လူငယ်တို့ အားကျအတုယူဖွယ် ပုဂ္ဂိုလ်ဖြစ်ပါသည်။ သူသည် ကျောင်းသားလူငယ်တို့၏ အရေးကို အလေးထားသူဖြစ်သည်။ နောက်ဆုံးထွက်သက်အထိ လူငယ်တို့ကို ပညာမျှဝေပေးခြင်းဖြင့် ဘဝကုန်ဆုံးခဲ့ရသည်။ ထို့ကြောင့် ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ကြီးက သူ၏မွေးနေ့ဖြစ်သော အောက်တိုဘာ (၁၅)ရက်ကို ကမ္ဘာ့ကျောင်းသားများနေ့(World Students Day) အထိ ၂၀၁၀ ပြည့်နှစ်မှစ၍ သတ်မှတ်ခဲ့သည်။ ဤစာအုပ်ကို အထူးသဖြင့် လူငယ်များ ဖတ်ရှုလေ့လာစေချင်ပါသည်။ တစ်ချိန်တွင် မြန်မာလူငယ်များထဲမှ အာကာသဒုံးပျံပညာရှင် မပေါ်နိုင်ဟု မည်သူမျှ တပ်အပ်သေချာမဆိုနိုင်ပါ။ ဤစာအုပ်ကိုဖတ်ပြီး သူလိုကြိုးစားပါက အခြေအနေ အခွင့်အလမ်းပေါ်လာခိုက်နှင့်ကြုံလျှင် အောင်မြင်ရမည်မှာ မြေကြီးလက်ခတ်မလွဲပါ။ မီးလျှံတောင်ပံဒုံးပျံလူသား၏ စွမ်းပကားမှာ စိတ်ခွန်အားတက်ဖွယ်ဖြစ်ပါသည်။ ဘဝ အလှပြင်လိုသူတို့အတွက် စာအုပ်ကောင်းတစ်အုပ်ဖြစ်သည်ဟု ဆိုချင်ပါသည်။ ။

**ပါမောက္ခဒေါက်တာသန်းဝင်း**
**(မောင်သန်းဝင်း ရန်ကုန်တက္ကသိုလ်)**
**နာယက**
**လူသားတန်ဖိုးချစ်မြတ်နိုးသူများအဖွဲ့**
**၃ မတ် ၂၀၁၉**